သံလွင်မြစ်ထိန်းသိမ်းကာကွယ်ရေးကွန်ယက် Save The Salween Network

KAREN RIVERS WATCH

မြန်မာနိုင်ငံမြစ်ချောင်းများဆိုင်ရာကွန်ယက် BURMA RIVERS NETWORK

# မြန်မာနိုင်ငံရှိမြစ်ချောင်းများပေါ်တွင် ဆည်ကြီးများတည်ဆောက်မည့်စီမံကိန်းများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံမြစ်ချောင်းများကွန်ယက် နှင့် သံလွင်မြစ်ထိန်းသိမ်းကာကွယ်ရေးကွန်ယက်တို့၏ သဘောထားထုတ်ပြန်ကြေငြာချက်

မြန်မာနိုင်ငံမြစ်ချောင်းများကွန်ယက်၊သံလွင်မြစ်ထိန်သိမ်းကာကွယ်ရေးကွန်ယက် နှင့် ကရင်မြစ်ချောင်း စောင့်ကြည့်ရေးအဖွဲ့ တို့သည် မြစ်ချောင်းများ ကျန်းမာသန်စွမ်းရေးနှင့် ဇီဝမျိုးကွဲများကိုကာကွယ် ထိန်းသိမ်းပေးနိုင်ရန်အတွက် ဖွဲ့စည်းတည်ထောင်ထား သောအဖွဲ့များ ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းပဋိပက္ခဖြစ်ပွားလျှက်ရှိသော တိုင်းရင်းသားလူမျိုးများနေထိုင်ရာဒေသနှင့် အခြားသော တိုင်းရင်းသားဒေသအတွင်းရှိ မြစ်ချောင်းများနှင့် မြစ်လက်တက်များအပေါ်တွင် ဆောက်လုပ်ပြီး၊ ဆောက်လုပ်နေဆဲနှင့် တည်ဆောက်မည့်ရေကာတာစီမံကိန်းများ အားလုံးကိုချက်ချင်း ရပ်တန့်ပေးရမည်။

မြန်မာနိုင်ငံအတွင်းရေကာတာစီမံကိန်းများတည်ဆောက်ခြင်းကြောင့် ဒေသတွင်းနေထိုင်သော တိုင်းရင်းသား လူထုများသည် အိုးအိမ်စွန့်ခွာထွက်ပြေးခြင်း၊အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ထိခိုက်ပျက်စီးစေခြင်း၊ သမိုင်းဝင်ရိုးရာ အမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်ခြင်းများစသည်တို့တွေ့ကြုံခံစားနေရသည်။

စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်တည်ဆောက်ရေး အပြန်အလှန်ယုံကြည်မှု တည်ဆောက်နေသော ကာလတွင် တိုင်းရင်းသားဒေသအတွင်း လူထုအပေါ်ကြီးမားစွာထိခိုက်နိုင်သည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးကို ထိခိုက်စေနိုင်ပြီး ပဋိပက္ခပိုမို ဖြစ်ပွားစေနိုင်သည်။

ထို့ကြောင့်

၁။ တိုင်းရင်းသား ဒေသအတွင်းရှိ မြစ်ချောင်းများပေါ်တွင် ရေကာတာများ တည်ဆောက်ခြင်းလုံးဝမပြုရန်။

၂။ တည်ဆောက်ပြီးသော ရေကာတာစီမံကိန်းနှင့်စီမံကိန်းလျာထားခြင်းကြောင့် ထိခိုက်နစ်နာခံရသော ဒေသခံလူထုများအတွက် ပြန်လည်ကုစားပေးရမည်။

၃။ ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကို လေးစားလိုက်နာရမည်။

၄။ လက်ရှိဖြစ်ပွားနေသောပဋိပက္ခများပြီးဆုံးပြီး ဖက်ဒရယ်ဒီမိုကရေစီစနစ်အောက်တွင် အာဏာခွဲဝေပေးမှုများ ရရှိလာသည်အထိ မြန်မာနိုင်ငံရှိ ရေကာတာစီမံကိန်းများကို ရပ်တန့်ထားရန်လိုအပ်ကြောင်းတောင်းဆိုခြင်းဖြစ်သည်။

ဆက်သွယ်ရန်


| | |
|---|---|
| ၁. အားမူထူး ။ ၀၉၄၂၃၄၃၈၃၃၁၊ ၀၉၇၈၀၅၀၆၇၇၉ | ၃. နန်းနွင်းရီ။ ။ ၀၉ ၂၆၄ ၄၅၁ ၁၅၁ |
| ၂. စောပေါလ်စိန်ထွား ။ +၆၆(၀)၈၁၇၂၄၇၀၉၃ | ၄. ကိုအေးပရာယ်ကြူကြူး ။ ၀၉၉၆၅၈၄၀၇၈၆ |